လောင်းကောင်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၂-၂၀၂၆)



လုပ်ငန်းအမည်	- ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း
တည်နေရာ	- လောင်းကောင်းကျေးရွာ၊ မော်လိုက်မြို့နယ်
လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်သည့်အဖွဲ့အစည်း	-လောင်းကောင်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ဘဏ္ဍာရေးနှစ်	- ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်
အတိုင်းအတာ	- ၅၀' x ၃၀' x ၁၂'
စီမံကိန်းထောက်ပံ့ငွေ	- ကျပ် (၁၀.၀၀)သန်း
ပြည်သူထည့်ဝင်ငွေ	- ကျပ် (၄.၀၀)သန်း
စုစုပေါင်းကုန်ကျငွေ	- ကျပ် (၁၄.၀၀)သန်း

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီ

လောင်းကောင်းကျေးရွာ၊ မော်လိုက်မြို့နယ်

(မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများကို ပံ့ပိုးပေးပါသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးအထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရ အရေးကြီးအချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြသော ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ပါ။ ထို့ကြောင့် စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းကို သုံးပြီး မိမိတို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့် နည်းလမ်းကို ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ပေးခဲ့ပါသည်။ ထိုလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်း သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက လိုအပ်သောနည်းပညာပံ့ပိုးမှုကို မြို့နယ် ဌာနဆိုင်ရာများထံမှ အကူအညီရယူရန် လိုအပ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိကဖော်ပြထားပြီး စီမံကိန်းဆိုင်ရာ အချက်အလက် အကြောင်းအရာ များ ၊ အဆိုပြုလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လောင်းကောင်းအုပ်စု၊ လောင်းကောင်းကျေးရွာ

မော်လိုက်မြို့နယ်

Scanned by CamScanner

လောင်းကောင်းကျေးရွာအုပ်စု၊ လောင်းကောင်းကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ် ဖြစ်ကြောင်း သိရပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်းသတင်းအချက်အလက်များ ရယူရန် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရယူရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုရေး စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေသော ပြဿနာများပြဿနာ ဖြစ်သည့်အကြောင်းအရင်းများ ဖွံ့ဖြိုးရေးကို အထောက်အပံ့ ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့အနေဖြင့် ဆောင်ရွက်မည့် စီမံချက်များကို ဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းနှင့် ပြည့်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

ရည်ရွယ်ချက်

လူထုခေါင်းဆောင်ပါဝင်သည့် လုပ်ငန်းစဉ်ဖြစ်သောကြောင့် ကိုယ်တိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်လင်းမှု ရရှိစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးရာရောက်ပါသည်။

စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

လောင်းကောင်းကျေးရွာအုပ်စု၊ လောင်းကောင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲနှင့် နည်းပညာအခက်အခဲများ ရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက် ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်အနှီးပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Scanned by CamScanner

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ် လောင်းကောင်းကျေးရွာအုပ်စု

လောင်းကောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

ကျေးရွာတည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ လောင်းကောင်းအုပ်စု၊ လောင်းကောင်းကျေးရွာသည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းနံဘေးတွင်တည်ရှိပြီး မော်လိုက်မြို့၏ အရှေ့ဘက်ကမ်း (၂)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ပုံစံသည် ရွာစုရွာဝိုင်း ဖြစ်ပါသည်။ အိမ်ခြေ(၁၅၃)၊ လူဦးရေ(၈၄၄)ယောက်၊ အခြေခံပညာ မူလတန်းကျောင်းနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပြီး ရွာသူရွာသားများသည် လယ်နှင့်ကိုင်းလုပ်ငန်း အဓိက လုပ်ကိုင် ကြပါသည်။ လောင်းကောင်းရွာ၏ အနောက်တောင်ဘက်(၃)ဖာလုံခန့်တွင် ညောင်ဝန်းရွာနှင့် အရှေ့ဘက်(၁၀)ဖာလုံခန့်တွင် နောင်ပိန်းရွာရှိပြီး ဂျင်းလမ်းဖြင့်သွားလာနိုင်ပါသည်။

လောင်းကောင်းကျေးရွာတွင် လမ်းမကြီး(၃)ခုရှိပြီး ရွာလယ်လမ်းမကြီးကို ကွန်ကရစ်လမ်းခင်းထားပါသည်။ စီးပွားရေးအရ ပွင့်လင်းရာသီတွင် အလုပ်အကိုင်ပေါများသော်လည်း မြေယာမဲ့များအနေဖြင့် စီးပွားရေး ကြပ်တည်းကြပါသည်။ ကျန်းမာရေးအမြင်ဖြင့် ကြည့်ပါက လောင်းကောင်းအုပ်စုတွင် သားဖွားဆရာမ တစ်ဦးမျှမရှိပါ။ ကိုယ်ဝန်ဆောင်များ မီးဖွားရန်ခက်ခဲမှု ရှိပါသည်။ ကျန်းမာရေးအသိပညာ နည်းပါးခြင်းကြောင့် မူးယစ်ဆေးဝါးသုံးစွဲသူ အနည်းငယ် ရှိပါသည်။

ကျန်းမာရေး၊ ပညာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

လောင်းကောင်းကျေးရွာတွင် ကျန်းမာရေးအတွက် ကင်းတပ်တိုက်နယ်ဆေးရုံနှင့် မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံကြီးတို့ကိုသာ အဓိက အားထားရပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးငယ်များ ကာကွယ်ဆေးထိုးခြင်းကို တောင်တွင်း ကျေးလက်ကျန်းမာရေးဌာနမှ နှစ်စဉ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အနီးအနားရှိကျေးရွာများမှ ကျန်းမာရေးပြဿနာအတွက် မော်လိုက်နှင့် ကင်းတပ်ကိုသာ အားထားကြရပါသည်။

လောင်းကောင်းရွာတွင် ယနေ့အထိ တက္ကသိုလ်၊ ကောလိပ်အဆင့်ရှိသူ (၁၅)ယောက်၊ အထက်တန်းပညာအဆင့် (၄၁)ယောက်၊ အလယ်တန်းပညာအဆင့် (၈၄)ယောက်နှင့် မူလတန်းပညာအဆင့် (၁၀၄)ယောက် ရှိပါသည်။ စာမတတ်သူ အနည်းငယ်ရှိပါသည်။ ကျေးရွာလူဦးရေ၏ ၁၀% မှာ မူလတန်း၊ ၅% မှာ အလယ်တန်း၊ ၃% မှာ အထက်တန်းနှင့် ၂% မှာ အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြား နေကြပါသည်။

ကျေးရွာတွင် သန့်ရှင်းသောရေကို လုံလောက်စွာ ရရှိပါသည်။ စက်ရေတွင်း(၃)တွင်း နှင့် လက်ဆွဲတွင်း (၁၀)တွင်းရှိပါသည်။

Scanned by CamScanner

ကျန်းမာရေးနှင့် အာဟာရ

လောင်းကောင်းကျေးရွာတွင် ရာသီတုပ်ကွေး၊ သွေးတိုးသွေးကျ ရောဂါများနှင့် အကြောနာခြင်း၊ ရာသီဥတု အကူးအပြောင်း ကာလများတွင် ဖြစ်လေ့ဖြစ်ထရှိသော နာစေးခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါများလည်း လူကြီး၊ လူငယ်အလိုက် မကြာခဏ တွေ့ရတတ်ပါသည်။ ထိုသို့ရောဂါများ ဖြစ်ပွားခံစားရသောအခါ မော်လိုက်မြို့၊ ကင်းတပ်တိုက်နယ် ဆေးရုံသို့ သွားရောက်၍ ကုသမှုခံယူရပါသည်။ ကျေးရွာတွင် နေထိုင်သူများသည် ကျန်းမာရေးအသိအားနည်း နေပါသည်။ စာဖတ်အားနည်းမှုကြောင့်ဟု ထင်မြင်မိပါသည်။ ထို့ကြောင့် ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများကို အချိန်နှင့် တပြေးညီ လုပ်ကိုင်နိုင်ခြင်း မရှိခဲ့ပါ။

ရေကောင်းရေသန့်၊ လုံလောက်စွာရရှိမှုကြောင့် လတ်ဆတ်သော အသီးအနှံနှင့် အသားငါးများကို ကျေးရွာနေပြည်သူများ ပြည့်ပြည့်ဝဝ စားသုံးကြရပါသည်။

ပညာရေးနှင့် ကျွမ်းကျင်မှုများ

လောင်းကောင်းကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းပညာ တတ်မြောက်မှုနှုန်းမှာ ၆၀% ရှိပြီး အထက်တန်းပညာ တတ်မြောက်မှုနှုန်းမှာ ၁၀% သာ ရှိပါသည်။ တက္ကသိုလ်မှ ဘွဲ့ရရှိထားသည့် ရာခိုင်နှုန်းမှာ ၀.၅% ခန့်သာ ရှိပါသည်။

ဤသို့ကျေးရွာအတွင်း ပညာတတ်လူဦးရေ နည်းပါးရခြင်းမှာ မိဘများ၏ ပညာရေးဗဟုသုတ နည်းပါးခြင်း၊ အလုပ်အကိုင် အဆင်မပြေခြင်းနှင့် ပတ်ဝန်းကျင်တွင် အတုယူစရာ ပညာတတ် နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။ သို့သော် ယခုအခါတွင် မိဘများကလည်း ပညာရေးနှင့် ပတ်သက်သော ဗဟုသုတများ ကြွယ်ဝလာကြပြီး ပညာရေးကို အားပေးလာကြပြီ ဖြစ်ပါသည်။ အခြားပြဿနာတစ်ခုမှာ စာသင်ကျောင်း၌ စာသင်ဆောင် လုံလောက်မှုမရှိခြင်း ၊ ကျောင်းသားနှင့် ဆရာ၊ ဆရာမ အချိုးမမျှတခြင်းတို့ကြောင့် သင်ကြားရေးတွင် ပေါက်ရောက်အောင်မြင်မှု အားနည်း၍ အခက်အခဲကြုံရ ပါသည်။

အမျိုးသား၊ အမျိုးသမီးဆိုင်ရာ ဆက်နွယ်မှု

ရပ်ရွာအတွင်း ရပ်ရေးရွာရေးကိစ္စများတွင် အမျိုးသားများသာမက အမျိုးသမီးများပါ ဝိုင်းဝန်းပါဝင်ဆောင်ရွက် ကြပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးအတွက် အခြေခံဖြစ်သော ပညာရေး၊ လူမှုရေးစသည့် ကိစ္စရပ်များအပြင် စီးပွားရေးလုပ်ငန်းများကိုပါ အမျိုးသမီးများက အမျိုးသားများနှင့် တန်းတူ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းများကို ရပ်ရွာရှိ အမျိုးသား၊ အမျိုးသမီးများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ကျောင်းသားမိဘများက ပူးပေါင်းဆောင်ရွက် ကြပါသည်။ လူမှုရေး ကိစ္စရပ်များတွင်လည်း အမျိုးသားအဖွဲ့ ၊ အမျိုးသမီးအဖွဲ့

Scanned by CamScanner

ဟူ၍ ဖွဲ့စည်းထားပြီး တာဝန်များကို ခွဲဝေဆောင်ရွက် ကြပါသည်။ ကျေးရွာရှိမည်သည့် ကိစ္စရပ်များ၌ မဆို အမျိုးသား၊ အမျိုးသမီး မခွဲခြားပဲ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လောင်းကောင်းရွာ၏ အမျိုးသား၊ အမျိုးသမီး ဆက်နွယ်မှုမှာ ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။

အခြေခံအဆောက်အဦးများလက်လှမ်းမီမှု၊လမ်းတံတားလျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

လောင်းကောင်းကျေးရွာ၏ ရွာလယ်လမ်းမကြီးမှာ ကွန်ကရစ်လမ်း ဖြစ်၍ ရာသီမရွေး လွယ်ကူစွာ သွားလာ နိုင်ပါသည်။ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်သာ ရှိပါသည်။ ကုန်းလမ်းကိုသာ အဓိကထား သွားလာ၍ စက်ဘီး(၁၀)စီး၊ ဆိုင်ကယ် (၈၀)စီး ရှိပါသည်။ ယခုအခါတွင် တစ်အိမ်သုံးဆိုလာများကိုသာ အသုံးပြုသောကြောင့် မီးလင်းရေးမှာ အားနည်းမှု ရှိပါသည်။ ကျေးရွာတွင် လက်ကိုင်ဖုန်း (၁၅၄)လုံး၊ ရေဒီယို (၁)လုံး၊ တီဗွီ (၁၅)လုံးနှင့် စလောင်း (၁၅)လုံးရှိသဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များတွင် အားနည်းမှု ရှိနေပါသေးသည်။

လူမှုရေးဆိုင်ရာ အချက်အလက်များ

လောင်းကောင်းကျေးရွာတွင် နေထိုင်လျက်ရှိသော လူဦးရေမှာ (၈၄၄)ယောက် ဖြစ်ပါသည်။ ပျမ်းမျှလူဦးရေမှာ တစ်အိမ်ထောင်စုတွင် (၅)ယောက်ရှိပြီး လုပ်ငန်းခွင်၌ လုပ်ကိုင်နေသူမှာ (၂)ယောက် ခန့်သာ ရှိပါသည်။ ကျန်(၃)ယောက်မှာ သက်ကြီးရွယ်အိုများ၊ ကျောင်းနေအရွယ်ကလေးနှင့် နို့စို့အရွယ်ကလေးများ ဖြစ်ကြပါသည်။ အစိုးရဝန်ထမ်း (၃)ယောက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အများစုမှာ လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြပြီး လက်လုပ်လက်စားများနှင့် အသေးစားကုန်စုံဆိုင် (၅)ဆိုင်ရှိပါသည်။ အခြားလုပ်ငန်း လုပ်ကိုင်သူများလည်း ရှိပါသည်။

စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုမမျှတမှု

ကျေးရွာတွင် နေထိုင်ကြသော လူအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူနှင့် လက်လုပ်လက်စားများသာ ဖြစ်ပါသည်။ လက်သမားနှင့် ပန်းရံလုပ်ကိုင်သူများ ရှိသကဲ့သို့ ဝင်ငွေရရှိရေးအတွက် ကျပန်းလုပ်ကိုင်သူများလည်း ရှိပါသည်။ လယ်ပိုင်ယာပိုင်မဟုတ်သော ဆင်းရဲသားမိသားစုများလည်း ရှိပါသည်။ ခြုံကြည့်လျှင် စီးပွားရေးအခြေအနေမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အမျိုးသားတစ်ယောက်၏ လုပ်အားခမှာ (၆၀၀၀)နှင့် အထက်ရှိပြီး အမျိုးသမီးတစ်ယောက်၏ လုပ်အားခမှာ (၅၀၀၀) ကျပ်ရှိကြောင်း တွေ့ရပါသည်။

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းနှင့် အဟန့်အတားများ

လောင်းကောင်းကျေးရွာသည် ဗျူဟာလမ်းမကြီးနံဘေးတွင် တည်ရှိသောကြောင့် ပွင့်လင်းရာသီတွင် လွယ်ကူစွာ သွားလာနိုင်ပြီး မိုးရာသီတွင် သွားလာရေးခက်ခဲမှုများ ရှိပါသည်။ လောင်းကောင်းကျေးရွာသည် အ.လ.က စာသင်ကျောင်းတစ်ကျောင်းသာရှိပြီး ပညာရေးတွင် အဆင့်ပြေသော်လည်း ကျန်းမာရေးဌာန ရွာတွင် မရှိပါသောကြောင့် ကျန်းမာရေးအခက်အခဲ ရှိပါသည်။ ကလေးကစားကွင်းလည်း သီးသန့်မရှိပါ။ စာကြည့်တိုက်ရှိသော်လည်း အသုံးမပြုကြပါ။ ရွာလယ်လမ်းမကြီးမှာ ယခင်မိုးတွင်းကာလက မကောင်းသော်လည်း ယခုအခါ စည်ပင်မှ ဘိလပ်မြေလှူဒါန်းမှုနှင့် မြစိမ်းရောင်အတိုး ရန်ပုံငွေချပေးမှုတို့ကြောင့် ပေ (၃၆၀၀)ရှိသော လမ်းအရှည်ကို ပေ (၁၂၀၀) ခင်းပြီးသောကြောင့် ကျန်ရှိသော ပေ(၂၄၀၀)ခန့် သွားလာရ ခက်ခဲလျှက် ရှိနေပါသည်။ လမ်းပန်းဆက်သွယ်မှုမှာ ဗျူဟာလမ်းမဘေးတွင် တည်ရှိသောကြောင့် ယာဉ်အသွားအလာများပြားလှပါသည်။ ထို့ကြောင့် ဆောင်းပိုင်း နွေပိုင်းတို့တွင် ဖုန်ထူပြီး ဖုန်မွှန်းသောဒဏ်ကို အချို့သော ရွာသူ၊ ရွာသားများ ခံစားကြရပါသည်။ လောင်းကောင်းရွာရှိ ကွန်ကရစ်တံတားကြီးသည် ယခင်နှစ်က မိုးများမှုကြောင့် ချောင်းရေကြီးကာ ကျိုးပဲ့ပျက်စီးသွားရပြီး ပြန်လည်ပြုပြင်ခြင်း မရှိသောကြောင့် သွားလာမှုခက်ခဲပါသည်။ မြစ်ရေကြီးချိန်တွင်လည်း ကမ်းပါးပြိုမှုကြောင့် အိမ်၊ မြေများ ပျက်စီးရပါသည်။

သဘာဝပတ်ဝန်းကျင် အရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု

လောင်းကောင်းရွာတွင် ချောင်း၊ မြောင်း နည်းပါးပါသည်။ ရွာထိပ်တွင် ချောင်းတစ်ခုသာ ရှိပါသည်။ ထို့ကြောင့် မိုးပိုင်းချောင်းရေကြီးချိန် ၊ ရေလျှံချိန်၊ မြစ်ရေတက်ချိန် ၊ မြစ်ရေလျှံချိန်များတွင် အနိမ့်ပိုင်း လယ်တောမြေများမှာ ရေရှိပြီး ကျန်လယ်ယာမြေများမှာ မိုးရေကိုသာ အားထားရပါသည်။ မိုးခေါင်လျှင် ရေတင်စက်များကို အသုံးပြု၍ လယ်ယာမြေများ စိုက်ပျိုးကြရ ပါသည်။ သစ်တောကြိုးဝိုင်း မရှိပါ။

Scanned by CamScanner

ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ လောင်းကောင်းအုပ်စု၊ လောင်းကောင်းကျေးရွာ၏ ဦးစားပေး အစီအစဉ်အလိုက် စီမံချက်များ

(၁) ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း

(၂) စာသင်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ခြင်း

(၃) ရွာအနောက်ဘက်ရှိ သစ်သားတံတား ဆောက်လုပ်ခြင်း

(၄) ရေဘေးကယ်ဆယ်ရေးစခန်း ဆောက်လုပ်ခြင်း

(၅) ကျေးရွာဆေးပေးခန်း ဆောက်လုပ်ခြင်း

(၁) ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း

လောင်းကောင်းရွာ၏ အနောက်ဘက် ယခင်ဘုန်းကြီးကျောင်းဟောင်း အုတ်ခုံပေါ်၌ အလျား (၃၀)ပေ ၊ အနံ (၃၀)ပေ ရှိသော ကျေးရွာခန်းမဆောင်ကို နိုင်ငံတော်မှ ထောက်ပံ့ပေးမည် ဆိုပါက လူထုလုပ်အားခ အများအပြား ပူးပေါင်းပါဝင်၍ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလတွင် ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။

(၂) စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း

လောင်းကောင်းကျေးရွာတွင် စာသင်ကျောင်းဆောင် မလုံလောက်မှုကြောင့် အသစ်တစ်ဆောင် ဆောက်လုပ်ထားရာ ငွေကြေးမတတ်နိုင်မှုကြောင့် ယခုအချိန်အထိ အပြီးမသတ်နိုင်သေးပါ။

(၃) ရွာအနောက်ဘက်ရှိ သစ်သားတံတားတည်ဆောက်ခြင်း

လောင်းကောင်းကျေးရွာ အနောက်ဘက်ရှိ ကူးတို့ဆိပ်သို့ ဆင်းသော သစ်သားတံတားသည် အိုမင်းပျက်စီးနေ၍ နိုင်ငံတော်မှ ထောက်ပံ့ပေးမည် ဆိုပါက လူထုအင်အား အများအပြား ပူးပေါင်းပါဝင်၍ ၂၀၂၃ခုနှစ် အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Scanned by CamScanner

(၄) ရေဘေးကယ်ဆယ်ရေးစခန်း ဆောက်လုပ်ခြင်း

လောင်းကောင်းကျေးရွာသည် ချင်းတွင်းမြစ်ကမ်းနံဘေးတွင် တည်ရှိသောကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်မှု၊ မြစ်ရေဝင်ရောက်မှု/တိုက်စားမှုများ ခံစားရသောကြောင့် ရေဘေးကယ်ဆယ်ရေးစခန်း ဆောက်လုပ်ထားခြင်းဖြင့် အရေးပေါ်အခြေအနေတွင် အသုံးပြုရန်လိုအပ်သောကြောင့် ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

(၅) ကျေးရွာဆေးပေးခန်းဆောက်လုပ်ခြင်း

လောင်းကောင်းကျေးရွာသည် ကျေးရွာတွင်းဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်လူနာများ မော်လိုက်မြို့ဆေးရုံ၊ဆေးခန်းသို့ သွားရောက်ကုသရပါသည်။ မွေးလူနာများ၊ ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများအားအလွယ်တကူကုသနိုင်ရန် ကျေးရွာဆေးပေးခန်း ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

လောင်းကောင်းကျေးရွာ၊ မော်လိုက်မြို့နယ်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ လ၊ ရက်

Scanned by CamScanner

မော်လိုက်ဖြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လောင်းကောင်း ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဦးစားပေးအဆင့်လုပ်ငန်းများ

	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
	ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း	၁	✔				
	စာသင်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ခြင်း	၂		✔			
	ရွာအနောက်ဘက်ရှိ သစ်သားတံတား ဆောက်လုပ်ခြင်း	၃			✔		
	ရေဘေးကယ်ဆယ်ရေးစခန်း ဆောက်လုပ်ခြင်း	၄				✔	
	ကျေးရွာဆေးပေးခန်း ဆောက်လုပ်ခြင်း	၅					✔

Scanned by CamScanner


မော်လိုက်မြို့နယ် ဟောင်းကောင်းကျေးရွာအုပ်စု ဟောင်းကောင်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်

.၆.၂၀၂၂

ဖြစ်အပျက်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ာသီဥတု												
လုပ်အကိုင်		-	မျိုးစေ့ထွန် မျိုးကြဲ	လယ်ထွန်	လယ်ထွန်		မြေပဲစိုက် ယာခင်းထွန်	ပဲရိတ်	ပဲရိတ်	လယ်သိမ်း နေကြာစိုက်	ပဲသိမ်း	ပဲသိမ်း
ာက်လုပ်လက်စားဝင်ငွေရရှိမှု	KKK	-	KKKK	KK	KKK	KKKK	KK	KKKK	KK	KKKK	KKK	KKK
ုးငွေလိုအပ်မှု	-	-					-	-	-	-	-	-
မ်းတာဖူလုံမှု	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ	သင့်	သင့်	သင့်	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ
ောက်သုံးရေရရှိမှု												
ကြွန်ရောဂါကျရောက်မှု	ဗာနာ လျှာနာ	ဗာနာ လျှာနာ	သေးဘက် နာ	-	-	-	-	-	-	-	-	-
း စားရေးအခြေအနေ	-	ဖျားနာ	ဖျားနာ	တုပ်ကွေး	တုပ်ကွေး	-	-	နှာစေး ချောင်းဆိုး	နှာစေး ချောင်းဆိုး	နှာစေး ချောင်းဆိုး	-	-
ာ်	သင်္ကြန် ပွဲတော်	ညောင်ရေ သွန်း ပွဲတော်	-	ဝါဆို သင်္ကန်းကပ်	-	-		-	-	-	-	-
ဘာဝဘေးအန္တရာယ်	လေ	လေ				-	-	-	-	-	-	လေ
ဝင်ငွေ / ထွက်ငွေ												

ကျေးကွာသယ်ဆောက်လုပ်ရေးပုံ

ဟောင်းကောင်းကျေးကွာမော်ကိုက်မြို့နယ်



Scanned by CamScanner

လောင်းကောင်းကျေးကျွေး ယူထုတ်ဖြေပြုခြင်း အဖွဲ့အစည်းပြုပုံ



စစ်ကိုင်းတိုင်းဒေသကြီး ၊ မော်လိုက်မြို့နယ်၊ လောင်းကောင်းအုပ်စု၊ လောင်းကောင်းကျေးကျွေး

Scanned by CamScanner

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)



လုပ်ငန်းအမည် - ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း

တည်နေရာ - လောင်းကောင်းကျေးရွာ၊ မော်လိုက်မြို့နယ်

(၄၈) ဧယား

ရက်စွဲ၊ ၂၀၂၂ ခုနှစ်ဧပြီလအတွက် (၃)ရက်

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၆	၁၂	၂၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၅	၃၅	၇၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၃	၅၁	၁၀၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၅	၃၉	၈၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၇၀	၂၆၅	၅၃၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၀	၁၃	၂၃
စုစုပေါင်း		၄၂၉	၄၁၅	၈၄၄
စုစုပေါင်း အိမ်ထောင်စု		၁၅၃		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မော်လိုက်မြို့နယ်၊ လောင်းကောင်းအုပ်စု၊ လောင်းကောင်းကျေးရွာတွင် အိမ်ထောင်စု (၁၅၃)စု၊ ကျား (၄၂၉)ယောက်၊ မ (၄၁၅)ယောက်၊ စုစုပေါင်း (၈၄၄)ဦး နေထိုင်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၀	၂၃၅		မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅၃	၁၂၀		မြင့် ☐ လတ်☐ နိမ့်☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၉၃	၉၃		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း၊မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်✔ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - "စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း:"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး အခြား ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်မှု အနည်းငယ်ရှိပါသည်။

Scanned by CamScanner

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ မော်လိုက်မြို့နယ်၊ လောင်းကောင်းအုပ်စု၊ လောင်းကောင်းကျေးရွာတွင် လုပ်အားခ တစ်ရက်လျှင် ကျား(၆၀၀၀) မှ (၇၀၀၀) ရရှိပြီး ၊ မ(၅၀၀၀) မှ (၃၀၀၀) ရရှိပါသည်။ ကျား၊မ တန်းတူညီမျှမှု မရှိပါ။

Scanned by CamScanner

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၅၅	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၀.၅	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်စိုက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း:		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းကျေးရွာတွင် လယ်မြေ (၁၅၅) ဧကနှင့် ယာမြေ (၂၀.၅)ဧက ရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ: (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ: (နွားစာ၊ဆေးဘက်ဝင်အပင်များ:)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ:	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်သဲများအနီးကပ်တွေ့နိုင်သော်လည်း တစ်ဘက်ကမ်းမှသယ်ယူ

Scanned by CamScanner

ရန်ပို့ဆောင်ရန် ခက်ခဲပါသည်။သဘာဝဆေးဘက်ဝင်အပင်များ တွေ့မြင်နိုင်သော်လည်း အသုံးပြုနိုင်မှုနည်းပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့် ☑	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ ☑
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့် ☑	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၀	၈၀	၂၅	၁၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် ဥစ္စာဓနအခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စု (၃၀)စု၊ အလယ်အလတ် (၈၀)စု၊ မပြေလည်သော အိမ်ထောင်စု(၂၅)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၁၈)စု ကိုတွေ့ရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၀	အခြားအစားပြောင်းလဲစား: = _____ အစာလျှော့စား: = _____ အထောက်အပံ့ယူ = ၁၀_____ ချေးယူ = _____ လုပ်အားခကြိုယူ = ၂၀_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၅	အခြားအစားပြောင်းလဲစား: = _____ အစာလျှော့စား: = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ	၁၈	အခြားအစားပြောင်းလဲစား: = _____

Scanned by CamScanner

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
ဝမ်းစာဖူလုံမှု		အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၈ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် ကိုယ်ပိုင်လယ်ယာများရှိ၍ ဝမ်းစာဖူလုံမှုရှိသော်လည်း အိမ်ထောင်စု အနည်းငယ်မှာ ဝမ်းစာဖူလုံမှု မရှိသည်ကိုတွေ့ရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၃		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် (၆၄)နှင့်အထက် စောင့်ရှောက်မှုများ လိုအပ်မှုမရှိပါ။ ဆင်းရဲသော အမျိုးသမီးအိမ်ထောင်စု (၅)စု၊ မုဆိုးဖို၊ တစ်ခုလပ် အိမ်ထောင်စု (၁)စုနှင့် ရွှေပြောင်းလုပ်ကိုင်သည့် အိမ်ထောင်စု (၃)စု ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐

Scanned by CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် ထိခိုက်လွယ်မှုအခြေအနေ အနည်းငယ်သာ ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

Scanned by CamScanner

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် ဝင်ငွေနည်းပါး၍ ဆင်းရဲသောမိသားစုများသည် စိတ်ဖိစီးမှုဒဏ်၊ ကျန်းမာရေးဒဏ်များ ခံစားရပါသည်။
အခြားထိခိုက်လွယ်မှု အနည်းငယ် ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်မျိုး ဆက်သစ် ပရဟိတအဖွဲ့	၁☑ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	မြစိမ်းရောင်	၁☑ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	ဘုန်းကြီး ကျောင်း ဂေါပကအဖွဲ့	၁☑ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ကျောင်း အကျိုးတော် ဆောင် အဖွဲ့	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	ရပ်မိရပ်ဖ အဖွဲ့	၁☑ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆	VDP	၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ရှိသော အဖွဲ့အစည်းများမှာ ရပ်ရွာအကျိုးအတွက်သာ ဆောင်ရွက်ပြီး အကောင်းဆုံး ကြိုးစားဆောင်ရွက်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ဓမ္မစကူးလ် ဖောင်ဒေးရှင်း	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ပရဟိတအဖွဲ့	၁☐ ၂☐ ၃☑ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၃	သက်ကြီးရွယ်အို	၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆	VDP	၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ရှိသော အဖွဲ့အစည်းများမှာ ရပ်ရွာအကျိုးအတွက်သာ ဆောင်ရွက်ပြီး အကောင်းဆုံး ကြိုးစားဆောင်ရွက်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ဓမ္မစကူးလ် ဖောင်ဒေးရှင်း	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ပရဟိတအဖွဲ့	၁☐ ၂☐ ၃☑ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၃	သက်ကြီးရွယ်အို	၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐

Scanned by CamScanner

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
	စောင့်ရှောက်ရေး အဖွဲ့		ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် ပြင်ပမှ ဆောင်ရွက်နေသော အဖွဲ့အစည်း အနည်းငယ်သာရှိပြီး အသင့်အတင့် ဆောင်ရွက်နေပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

Scanned by CamScanner

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား:	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၇၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:		၁၅၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် မြေယာမဲ့ အနည်းငယ်ရှိပြီး ဆင်းရဲသား တောင်သူများလည်း ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းမြစ်မှ ရေသွင်းနိုင်သည့် ဧရိယာ အနည်းငယ် ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

Scanned by CamScanner

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအား စု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူ နစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
စပါး	တင်း	၁၅၅	၃၀	၅၀	၄၀	နယုန်	ဝါ ခေါင်	မြင့် □ လတ် □ နိမ့် ☑	မြင့် □ လတ် □ နိမ့် ☑
ပဲ	တင်း	၂၀.၅	၂	၁၀	၅	နတ်တော်		မြင့် □ လတ် □ နိမ့် ☑	မြင့် □ လတ် □ နိမ့် ☑
	တင်း							မြင့် □ လတ် □ နိမ့် □	မြင့် □ လတ် □ နိမ့် □
	တင်း							မြင့် □ လတ် □ နိမ့် □	မြင့် □ လတ် □ နိမ့် □
								မြင့် □ လတ် □ နိမ့် □	မြင့် □ လတ် □ နိမ့် □
								မြင့် □ လတ် □ နိမ့် □	မြင့် □ လတ် □ နိမ့် □
								မြင့် □ လတ် □ နိမ့် □	မြင့် □ လတ် □ နိမ့် □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် စပါးအများဆုံးစိုက်ပျိုးပြီး အသင့်အတင့် ထွက်ရှိသည်ကို တွေ့ရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၂၃	-	-	-
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြေလှေ့စက်	၈	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြေလှေ့စက်	၄	-	-	-
ရေစုပ်စက်	၇၀	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၃၉	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ လောင်းကောင်းရွာတွင် ကျွဲ၊ နွားများ အများဆုံး အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

Scanned by CamScanner

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဥပမာ- ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☑ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐
သဘာဝဗြေဆေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

